# မူဝါဒပေါ်လစီ KDE - အကျပ်အတည်း အခက်အခဲ စီမံခန့်ခွဲမှု

အရေးပေါ်အခြေအနေများနှင့် သဘာဝ ဘေးအန္တရာယ်များအတွက် ကြိုတင်စီစဉ်ထားခြင်းသည် ကျောင်းသားများ၊ ဝန်ထမ်းများနှင့် ကျောင်းသို့ လာရောက်လည်ပတ်သူများ၏ လုံခြုံအန္တရာယ်ကင်းရေးအား ထောက်ပံ့ပေးရန်အတွက်၊ ထို့ပြင် လုံခြုံ အန္တရာယ်ကင်းရေးသို့ ခြိမ်းခြောက်မှုများမှ ကာကွယ်ပေးရန်အတွက် အလွန်ပင် အရေးပါပေသည်။ ၎င်းသည် အားလုံးသော သက်ဆိုင်သူများ၏ စိတ်ဓာတ်ရေးရာကိုလည်း ပြင်ဆင်မှုအစီစဉ်များရှိကြောင်းနှင့် ၎င်းတို့အား ဆောင်ရွက်ရန် ကျောင်းသားများနှင့် ဝန်ထမ်းများထံ ထရိန်နင်သင်တန်းပေးထားကြောင်း အစရှိသည်တို့အား သိရှိစေခြင်းဖြင့် အားသစ်လောင်းပေးနိုင်ပါသည်။ ကြိုတင်ကာကွယ်မှု၊ ပြင်ဆင်မှု၊ တုံ့ပြန်ဆောင်ရွက်မှုနှင့် ပြန်လည်နလန်ထူမှု အစရှိသည်တို့သည် DPS အရေးပေါ်အခြေအနေများ တုံ့ပြန်ဆောင်ရွက်မှုနှင့် အကျပ်အတည်း အခက်အခဲစီမံခန့်ခွဲမှု (ERCM) အစီအစဉ်တွင် အကျုံးဝင်သော အကျပ်အတည်း အခက်အခဲ စီမံခန့်ခွဲမှုဆိုင်ရာ အဆင့်ဆင့်များဖြစ်ကြသည်။

ဆိုဒ်ဒေသ စီမံအုပ်ချုပ်သူများ၊ သို့မဟုတ် ၎င်းတို့၏ တာဝန်ပေးအပ်ခြင်းခံရသူအနေဖြင့် ၎င်းတို့၏ကျောင်းများသည် အောက်ပါ လိုအပ်ချက်များအား လိုက်နာခြင်းဖြင့် DPS ERCM အစီအစဉ်နှင့်အညီ ဆောင်ရွက်မှုရှိကြောင်း သေချာစေရပေမည် -

ကျောင်းတစ်ကျောင်းစီ၏ အရေးပေါ်အခြေအနေ တုံ့ပြန်မှုအဖွဲ့ (E-အဖွဲ့) သည် ခရိုင်ဒေသ ERCM ထရိန်နင်သင်တန်းအား နှစ်စဉ် တက်ရောက်ရပေမည်။

- ဆိုဒ်ဒေသ စီမံအုပ်ချုပ်သူ၊ သို့မဟုတ် ၎င်းတို့၏ တာဝန်ပေးအပ်ခြင်းခံရသူသည် နှစ်စဉ် စာသင်နှစ်တစ်နှစ်စီ၏ နှစ်စပိုင်းတွင် ERCM အစီအစဉ်နှင့်အညီဖြစ်သော အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုအစီအစဉ်တစ်ခုအား တင်ပြရပေမည်။

- ကျောင်း အရေးပေါ်အခြေအနေတုံ့ပြန်မှု အဖွဲ့များသည် အားလုံးသော ကျောင်း၏ ဝန်ထမ်းများ (ကျောင်းသားများ၊ အထွေထွေ ဝန်ဆောင်မှုနှင့် အစားသောက်ဝန်ဆောင်မှု ဝန်ထမ်းများ အပါအဝင်) ထံသို့ မှန်ကန်သင့်တင့်သည့် ERCM လုပ်ငန်းစဉ်များအား ထရိန်နင်သင်တန်းပေးရမည်ဖြစ်သည်။

- ဆိုဒ်ဒေသ စီမံအုပ်ချုပ်သူများ၊ သို့မဟုတ် ၎င်းတို့၏ တာဝန်ပေးအပ်ခြင်းခံရသူသည် ၎င်းတို့၏ ကျောင်းများအနေဖြင့် လစဉ် မီးသတ်ဟန်ရေးပြလေ့ကျင့်မှုများအား ဆောင်ရွက်ကြောင်း သေချာစေရပေမည်။

- ဆိုဒ်ဒေသ စီမံအုပ်ချုပ်သူများ၊ သို့မဟုတ် ၎င်းတို့၏ တာဝန်ပေးအပ်ခြင်းခံရသူသည် ၎င်းတို့၏ ကျောင်းများအနေဖြင့် ERCM အစီအစဉ်မှ ညွှန်ကြားသည့်အတိုင်း အခြားအမျိုးအစားဖြစ်သော ဟန်ရေးပြလေ့ကျင့်မှုများအား လေ့ကျင့်မှုရှိကြောင်း သေချာစေရပေမည်။

ဆိုဒ်ဒေသ စီမံအုပ်ချုပ်သူများနှင့် ကျောင်းဝန်ထမ်းများသည် အရေးပေါ်အခြေအနေ တုံ့ပြန်မှု လုပ်ငန်းစဉ်များအား မိဘများထံသို့ အကြောင်းကြားရန် မည်သည့် အခွင့်အရေးရှိသည်ကိုမဆို အသုံးချရပေမည်။

ခရိုင်ဒေသ ERCM အစီအစဉ်သည် အမျိုးသား ဖြစ်ရပ်စီမံခန့်ခွဲမှု စနစ် (NIMS) နှင့်အညီ ဆောင်ရွက်ထားခြင်းဖြစ်သည်။

အထက်ပါ တာဝန်များအား ပြီးမြောက်ဆောင်ရွက်ခြင်းအားဖြင့် အားလုံးသော DPS ဝန်ထမ်းများသည် Colorado ပြည်နယ် ပြန်လည်စစ်ဆေးထားသည့် ပြဋ္ဌာန်းချက်များ 22-32-109.1 (4) နှင့် C.R.S. 22-32-109 (4) အစရှိသည်တို့နှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။

မွေးစားကျင့်သုံးမှု - အောက်တိုဘာလ ၁၉ ရက်၊ ၂၀၀၀
ပြန်လည်စစ်ဆေးမှု - ဇန်နဝါရီလ ၁၇ရက်၊ ၂၀၀၈

ဥပဒေကိုးကားချက်များ- C.R.S. 22-32-109.1(4)